ပုံစံ(၉)

**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ်( ၃၀/၂၀၂၃ )**

| | |
|---|---|
| ဒေါ်သင်းသင်းအေး(အလုပ်သမား)<br>ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်။<br>၀၉-၂၅၇ ၀၂၂ ၅၆၂ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| ဦးထွန်းထွန်း (အလုပ်ရှင်)<br>ဒေါ်သင်ဇာအောင် (HR Super)<br>(အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Summit Brands Restaurant Group Co.,Ltd<br>KFC (ကြက်ကြော်ဖော့ကန်ဆိုင်ခွဲ)၊ အမှတ်(၁၆၀၉)၊<br>အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်ရပ်ကွက်၊<br>အင်းစိန်မြို့နယ်။<br>၀၉-၇၆၅ ၄၇၃ ၃၈၅ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၆၀၉)၊ အောက်မင်္ဂလာဒုံလမ်း၊ ဖော့ကန်ရပ်ကွက်ရှိ Summit Brands Restaurant Group Co.,Ltd ၊ KFC (ကြက်ကြော်ဖော့ကန်ဆိုင်ခွဲ) အလုပ်ရှင် ဦးထွန်းထွန်းနှင့် အလုပ်သမား ဒေါ်သင်းသင်းအေး (ခေါင်းဆောင်)တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ (က) အလုပ်သမား ဒေါ်သင်းသင်းအေးအား အလုပ်ပြန်လည်ခန့်ထားရန် သင့်/ မသင့်။

(ခ) အလုပ်သမား ဒေါ်သင်းသင်းအေးအား နစ်နာကြေး၊ နို့တစ်ကြေးပေးရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ Summit Brands Restaurant Group Co.,Ltd KFC ( ကြက်ကြော်ဆိုင် ) ပိုင်ရှင် ဦးထွန်းထွန်းနှင့် အလုပ်သမား ဒေါ်သင်းသင်းအေးတို့အကြား (၂-၁၀-၂၀၂၃)ရက်နေ့တွင် မီးခံသေတ္တာထဲရှိ အရောင်းငွေ(ဖ၄)သိန်းကျော် ပျောက်ဆုံးနေသဖြင့် သော့ကိုင်တာဝန်ရှိသူ ဒေါ်သင်းသင်းအေးနှင့် ဦးမျိုးလင်းအောင်တို့(၂)ဦးအားတစ်ဦးလျှင် (၃၂)သိန်း ပေးလျော်ရန်နှင့် မပေးလျော်နိုင်ပါက အလုပ်မှရပ်စဲကြောင်း၊ ပြောကြားခဲ့ရာ ဒေါ်သင်းသင်းအေးမှ အလုပ်ပြန်လည်ခန့်ထားပေးရန် (သို့မဟုတ်) နစ်နာကြေးပေးရန် အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့တိုင်ကြားခဲ့ရာ ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိ၍ ခုံသမာဓိအဖွဲ့သို့ လွှဲအပ်လာသောအမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်သင်းသင်းအေး(Team Leader)ထွက်ဆိုရာတွင် ၎င်းသည်(၆-၅-၂၀၁၇) ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး လစာ ၃၁၅၀၀၀ိ/- ရရှိခဲ့ပါကြောင်း၊ (၂၉-၁၁-၂၀၂၃) ရက်နေ့တွင် အလုပ်ရပ်စဲခံခဲ့ရပါကြောင်း၊ မီးခံသေတ္တာသော့ကိုင်မှာ မိမိနှင့် ဦးမျိုးလင်းအောင်တို့ဖြစ်ပါကြောင်း၊ မီးခံသေတ္တာထဲသို့ ရောင်းရသောငွေများအား မန်နေဂျာ ဒေါ်ဇင်မိကို၊ ဦးမျိုးလင်းအောင်၊ Cashier ဒေါ်ဝင်းသီရိကျော်နှင့် ဒေါ်သင်းသင်းအေးတို့ အတူထည့်ပါကြောင်း၊ (၂-၁၀-၂၀၂၃)ရက်နေ့မနက် မီးခံသေတ္တာဖွင့်ချိန်တွင် အရောင်းငွေများ ပျောက်ဆုံးနေပါကြောင်း၊ ညနေပိုင်းသော့ကိုင်မှာ ဦးမျိုးလင်းအောင်ဖြစ်ပါကြောင်း၊ ည(၁၉း၀၀) နာရီတွင် ထည့်ပါကြောင်း၊

ညနေပိုင်းသော့ကိုင် ဦးမျိုးလင်းအောင်ဖြစ်ပြီး မနက်ပိုင်းသော့ကိုင်မှာ မိမိဖြစ်ပါကြောင်း၊ ငွေများ ပျောက်ဆုံးကြောင်းကို မန်နေဂျာထံသို့ သတင်းပို့ခဲ့ပါကြောင်း၊ မနက်၊ ညနေ ငွေလွှဲမှုမှတ်တမ်း ရှိပါကြောင်း ရုံးချုပ်မှ ခေါ်ယူမေးမြန်းခဲ့ပါကြောင်း၊ ရဲစခန်းသို့ တိုင်ကြားပါကြောင်း၊ ရဲများမအား ၍ ပြန်ခဲ့ကြပါကြောင်း၊ ပျောက်သွားသော ငွေ (၆၄)သိန်းအား သော့ကိုင် ဦးမျိုးလင်းအောင်နှင့် ဒေါ်သင်းသင်းအေးတို့အား (၃၂)သိန်းစီ ပေးလျော်ခိုင်းပါကြောင်း၊ မလျော်နိုင်ပါက အလုပ်ရပ်စဲ မည်ပြောပြီး အလုပ်မှထုတ်ခဲ့ပါကြောင်း၊ အလုပ်ပြန်ခန့်ပေးရန် (သို့မဟုတ်) နစ်နာကြေးပေးရန် တောင်းဆိုပါကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင်၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်တင်ဇာအောင်(HR) ထွက်ဆိုတင်ပြရာ တွင် ရုံးချုပ်တွင် တာဝန်ရှိသူများမှ ငွေပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဒေါ်သင်းသင်းအေး၊ ဦးမျိုးလင်းအောင်ပါ(၆)ဦးကိုခေါ်ယူ စုံစမ်းစစ်ဆေးခဲ့ရာ သက်သေခိုင်မာစွာ မရရှိခဲ့ကြောင်း၊ CCTV ကင်မရာမှာလည်း Format ချ၍ ပိတ်သွားသဖြင့် သက်သေရှာမရ၍ အမှုအမှန်မပေါ် ပေါက်ခဲ့ကြောင်း၊ ရဲစခန်းသို့ အမှုဖွင့်လှစ်ရန် ဆောင်ရွက်ရာ ဝန်ထမ်း(၂၀)ဦးလုံး ခေါ်ယူစစ်ဆေး စုံစမ်းရန် လိုကြောင်းပြောသဖြင့် ကုမ္ပဏီနှင့်ဝန်ထမ်းများ ထိခိုက်မှုမဖြစ်စေလိုသဖြင့် အမှုဖွင့်လှစ် ခြင်းမပြုခဲ့ကြောင်း၊ ငွေပျောက်ဆုံးမှု နှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလ (၂)လ တိုင်တိုင် စုံစမ်းမေးမြန်းမှု များပြုခဲ့ပါကြောင်း၊ ကုမ္ပဏီမှ(၃)ရက်စာ ရောင်းရငွေ စုစုပေါင်း (၆၄၆၄၀၀၀/-)ကျပ်ကို သော့ကိုင် (၂)ဦးဖြစ်သော ဒေါ်သင်းသင်းအေးနှင့် ဦးမျိုးလင်းအောင်တို့ (၂)ဦးအား ပျောက်ဆုံးငွေ (၆၄)သိန်း အတွက် တစ်ဦးလျှင် ၅၀ ရာခိုင်နှုန်း ငွေကျပ်(၃၂၃၂၀၀၀/-) ပေးလျော်ရန် (၂၉-၁၁-၂၀၂၃) ရက်နေ့တွင် ပြောခဲ့ရာမပေးနိုင်သဖြင့် အလုပ်မှထုတ်ပယ်ခံခဲ့ရ ပါကြောင်း၊ အလုပ်ရှင်အနေဖြင့် အလုပ်ပြန်ခန့်ရန်နှင့် နစ်နာကြေးပေးရမည်ဆိုပါက နစ်နာသဖြင့် တောင်းဆိုချက်ကို လက်မခံနိုင်ပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

**သုံးသပ်ချက်**

၆။ ယခုအမှုသည် အရောင်းငွေများ မီးခံသေတ္တာထဲထားစဉ် ပျောက်ဆုံးခြင်းဖြစ်၍ သက်ဆိုင်ရာ ရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ရမည့် အမှုဖြစ်ပါသည်။ မနက်မီးခံသေတ္တာဖွင့်ချိန်တွင် ဦးမျိုးလင်းအောင်နှင့် ဒေါ်သင်းသင်းအေးတို့ (၂)ဦးလုံး အတူဖွင့်ခဲ့ခြင်း၊ ငွေပျောက်ရှာ မှန်ခြင်း၊

CCTV Format ချထားခြင်း၊ သော့ကိုင်သူများအပေါ် သံသယရှိမည်ဖြစ်ပါသည်။ ကုမ္ပဏီပိုင်ငွေ ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း တွေ့ရှိရပါသည်။ CCTV မှတ်တမ်းကြည့်မရမှုဖြစ်နေခြင်း နှင့် မီးခံသေတ္တာဖျက်ထားခြင်းမရှိဘဲငွေပျောက်ဆုံးခြင်းတို့ကြောင့် အလုပ်ရှင်အနေဖြင့် သော့ကိုင် (၂)ဦးအပေါ် သံသယရှိသည်မှာလည်း အပြစ်ဆိုဖွယ်ရာမရှိချေ။ သို့ရာတွင် ငွေပျောက်ဆုံးမှုကို သက်သေအထောက်အထားခိုင်လုံအောင် မစစ်ဆေးနိုင်ဘဲ သံသယဖြင့် ပြစ်ဒဏ်ပေးခြင်းသည် လည်း တရားမျှတမည့်မဟုတ်ဟု သုံးသပ်ရရှိပါသည်။

၇။ KFC ဆိုင်ခွဲ မီးခံသေတ္တာတွင် ငွေထည့်ပြီးသော့ကိုင် (၂)ဦးကို နေ့တာဝန်၊ ညတာဝန်ခွဲ၍ တာဝန်ပေးထားကြောင်း တွေ့ရှိရသည်။ ဒေါ်သင်းသင်းအေးသည် ပြစ်မှုကျူးလွန်မှုမရှိပါက လည်း သော့ကိုင်တစ်ဦးဖြစ်ခြင်းကြောင့် မူလနေရာတွင် အလုပ်ပြန်လည်ခန့်ထားပါက အလုပ်ရှင် နှင့် အလုပ်သမားများအကြားဆက်ဆံရေး အဆင်မပြေနိုင်ကြောင်းနှင့် ပြစ်မှုအရ မှန်/ မမှန် မသိရခြင်းကြောင့် နစ်နာကြေးပေးရန် ဆုံးဖြတ်ပါကလည်း အကြောင်းအကျိုးညီညွတ်မှု မရှိနိုင် ကြောင်း သုံးသပ်ရသည်။ သို့ဖြစ်ပါ၍ တောင်းဆိုသူ အလုပ်သမား ဒေါ်သင်းသင်းအေးအား လူမှုကရုဏာကြေးအဖြစ် ငွေကြေးတစ်စုံတစ်ရာထုတ်ပေးသင့်ကြောင်း သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်။** (က) အလုပ်သမား ဒေါ်သင်းသင်းအေးအား အလုပ်ပြန်ခန့်ရန်မလိုကြောင်း ဆုံးဖြတ်သည်။

(ခ) အလုပ်သမား ဒေါ်သင်းသင်းအေးအား နစ်နာကြေး၊ လူမှုကရုဏာ ကြေးအဖြစ် ၅၀၀၀၀၀/-( ကျပ်ငါးသိန်းတိတိ ) ထုတ်ပေးရန် ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

၈။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) နိုင်ငံသားအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ၃၀ရက်အတွင်း နိုင်ငံသားကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | | |
|---|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | | (ကျော်ရှိဦး)<br>အဖွဲ့ဝင် |
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ပြောင်းရွှေ့)<br>(ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကွယ်လွန်)<br>(ကျင်သိန်း)<br>အဖွဲ့ဝင် |